# စာသင်သားအသက်အာမခံ

ရည်မှန်းထားသည့်ကာလတစ်ခုတွင်သားသမီးများ၏တက္ကသိုလ်ပညာရေးစနစ်ကို အထောက်အပံ့ပေးနိုင်ရန်အတွက် ကူညီ ထောက်ပံ့ပေးသော အာမခံဖြစ်ပါသည်။

စာသင်သားအသက်အာမခံသည် တစ်ဦးချင်းထားရှိနိုင်သည့် ငွေပင်ငွေရင်းအသက်အာမခံအမျိုးအစားဖြစ်ပါသည်။

| | | |
|---|---|---|
| အာမခံထားနိုင်သူ | - | ရက် (၃၀) သား မှ (၁၂) နှစ်အတွင်းရှိသူ (ရင်သွေးငယ်)။ |
| အာမခံဝယ်ယူနိုင်သူ | - | အသက် (၁၈) နှစ်မှ (၅၅) နှစ်အတွင်းရှိသည့်မိခင် (သို့မဟုတ်) ဖခင်။ |
| အာမခံထားငွေ | - | အနည်းဆုံး ကျပ်သိန်း (၁၀) မှ အများဆုံး ကျပ်သိန်း (၁,၀၀၀) အထိ။ |
| အာမခံသက်တမ်း | - | အနည်းဆုံး (၈) နှစ် မှ အများဆုံး (၁၉) နှစ် အထိ။ |
| ပရီမီယံနှုန်း | - | အာမခံထားသူ၏အသက်၊ အာမခံထားငွေပေါ် မူတည်၍ အာမခံထားသည့် သက်တမ်းအလိုက် ပရီမီယံနှုန်းအား တွက်ချက်ပေးရမည် ဖြစ်သည်။ |

***စာသင်သားအသက်အာမခံထားသူတိုင်း လိုအပ်ပါက ကျန်းမာရေးဆေးစစ်ရမည်ဖြစ်သည်။***

**စာသင်သားအသက်အာမခံထားရှိခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ -**

### (၁) သေဆုံးမှုအကျိုးခံစားခွင့်

အာမခံထားသူ (ကလေး) သေဆုံးခဲ့လျှင် အာမခံထားသည့်ရင်သွေးငယ်သည် ရက် (၃၀) သား မှ (၃) နှစ် အတွင်းဖြစ်ပါက အာမခံထားငွေ၏ (၂၅%) သာထုတ်ပေးမည်ဖြစ်ပြီး အာမခံထားသူ (ကလေး) အသက် (၃) နှစ် ပြည့်ပြီး သည့်နေ့မှ နောက်ပိုင်း သေဆုံးခဲ့လျှင် အာမခံထားငွေ ထုတ်ပေးမည် ဖြစ်ပါသည်။

### (၂) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်

အာမခံထားသူ (ကလေး) သည် ရက် (၃၀) သား မှ (၃) နှစ်အတွင်းဖြစ်ပါက အာမခံထားငွေ၏ (၂၅%) သာ ထုတ်ပေးမည်ဖြစ်ပြီး အာမခံထားသူ (ကလေး) အသက် (၃) နှစ်ပြည့်ပြီး နောက်ပိုင်း ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် အာမခံထားငွေကို ထုတ်ပေးမည် ဖြစ်ပါသည်။

### (၃) ပရီမီယံကင်းလွတ်ခွင့်

စာသင်သားအသက်အာမခံ ဝယ်ယူသူသေဆုံးလျှင်ဖြစ်စေ၊ ရောဂါကြောင့်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်မှုကြောင့် သော်လည်းကောင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်လျှင်ဖြစ်စေ ဆက်လက်ပေးသွင်းရန် ကျန်ရှိသော ပရီမီယံကို ပေးသွင်းရန်မလိုဘဲ ကင်းလွတ်ခွင့်ပြုပါသည်။

### (၄) ပညာသင်ထောက်ပံ့ငွေအကျိုးခံစားခွင့်

ရင်သွေးငယ်အသက် (၁၇) နှစ်မှစ၍ အသက် (၁၈) နှစ်၊ အသက် (၁၉) နှစ်၊ အသက် (၂၀) နှစ်တို့တွင် အာမခံထားငွေ၏ (၂၅%) ကျစီ (၄) ရစ် အညီအမျှခွဲ၍ နှစ်စဉ်ပေးပါသည်။

**(၅) ပေါ်လီစီကိုစာရင်းပိတ်ခြင်း**

ပေါ်လီစီရှင်တစ်ဦးအနေဖြင့် (၃) နှစ် တစ်ဆက်တည်း ပရီမီယံပေးသွင်းပြီးသည့်နောက်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ပရီမီယံဆက်လက် မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်သည်။ ပေါ်လီစီတွင် ဖော်ပြထားသော သက်တမ်းစေ့ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို အာမခံထားသူ သို့ထုတ်ပေးပါသည်။

**(၆) အမ်းငွေထုတ်ပေးခြင်း**

ပေါ်လီစီရှင်သည် ကျသင့်ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့သဖြင့် အတည်ဖြစ်ပြီးသော ပေါ်လီစီတစ်စောင်ကို ဖျက်သိမ်း၍အမ်းငွေထုတ်ယူရန် အကြောင်းကြားလာလျှင် အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့် အမ်းငွေကို ပေါ်လီစီရှင်သို့တစ်လုံးတည်း ထုတ်ပေးပါသည်။

**(၇) ချေးငွေရယူခြင်း**

ပေါ်လီစီရှင်တစ်ဦးအနေဖြင့် (၃) နှစ် တစ်ဆက်တည်း ပရီမီယံပေးသွင်းပြီးသည့် ပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်သည့် အကျိုးခံစားခွင့်ရှိပါသည်။

**အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ -**

၁။ သေဆုံးမှုအကျိုးခံစားခွင့်ကို အောက်ဖော်ပြပါအကြောင်းကိစ္စများအတွက် မရရှိနိုင်ပါ။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း။

(ခ) အာမခံဂယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့်သေဆုံးခြင်း။

၂။ ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်ကို အောက်ဖော်ပြပါကိစ္စရပ်များအတွက်မရရှိနိုင်ပါ။

(က) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ခ) ဘေးအန္တရာယ်ဖြစ်စေတတ်သောဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဂ) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဃ) မိမိကိုယ်ကို သတ်သေခြင်းကြောင့်မသေဘဲ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဂယ်ယူစဉ်ကဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း ၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ် များသို့လည်းကောင်း ဆက်သွယ်၍အာမခံထားရှိနိုင်ပါသည်။